# မေတ္တာပန်းတနင်္ဂနွေနေ့

ရှင်လုကာ ၂၂း၁၄ -၂၃း၅၆

ယေရှုဘုရားရှင်က နောက်ဆုံးအကြိမ် ယေရုဆလင်မြို့ထဲကို ခမ်းခမ်းနားနားနဲ့ ကြွဝင်တော်မူပါတယ်။ ယေရုဆလင်မြို့မှာ သူဟာ အဖမ်းခံရမယ်၊ အသတ်ခံရမယ်ဆိုတာ သိသိကြီးနဲ့ ရဲရဲတင်းတင်း ဝင်ရောက်လာပါတယ်။ အဲလိုဝင်ရောက်လာတဲ့ပုံစံကိုလည်း ကြည့်ပါအုံး မြည်းလေးတစ်ကောင်ကို စီးပြီးတော့ ဝင်ရောက်လာတာပါ။ တိုက်မယ်၊ ခိုက်မယ်၊ နန်းလုမယ်ဆိုတဲ့ပုံစံမျိုးနဲ့ လာမယ်ဆိုရင်တော့ သန်မာတဲ့မြင်းတစ်ကောင်ကို စီးပြီးမှဝင်ရောက်မှာပေါ့။ အခုတော့ ငြိမ်းချမ်းရေးကို ပေးမည့် ရှင်ဘုရင်တစ်ပါးအဖြစ် ဝင်ရောက်လာတာ ထင်ရှားပါတယ်။ ယေရှုဘုရားရှင်က သေနေတဲ့ လာဇရုးကို သေရာမှပြန်ရှင်စေလိုက်တာကြောင့် လူတွေက ယေရှုဘုရားရှင်ကို ယုံကြည်ကြပြီး လမ်းတစ်လျှောက်မှာ ကြိုဆို ဂုဏ်ပြု ချီးမွမ်းကြပါတယ်။

ယေရှုဘုရားရှင်က ကျနော်တို့ရဲ့လူ့အခွင့်အရေးတို့ လွတ်လပ်ခွင့်တို့ကို ချိုးဖေါက်မည့်အာဏာရှင်ဘုရင်မျိုး မဟုတ်ပဲ ကျနော်တို့ကိုလည်း သူကဲ့သို့ ကိုယ့်ကိုယ်ကိုအတွက်ကိုယ် ဘုရင်အသီးသီး ဖြစ်စေမည့်သူ ဖြစ်ပါတယ်။

ကမ္ဘာမှာ ငြိမ်းချမ်းဖို့ လိုအပ်နေပြီ၊ မိသားစုထဲမှာ ငြိမ်းချမ်းဖို့၊ ကျနော်တို့ အသိုင်းအဝိုင်း၊ အဖွဲ့အစည်းထဲမှာ ငြိမ်းချမ်းဖို့ လိုအပ်နေပါပြီ။ အခုတော့ ကွဲပြားနေကြတယ်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ချိန်းခြောက်နေကြတယ်။ စစ်ရေးအရ အပြိုင်အဆိုင် တိုးချဲ့နေကြပြီ။ မိတ်ဆွေနိုင်ငံဆိုလို့ တွေ့ရခဲပါတယ်။ ကိုယ့်နိုင်ငံက ဘယ်လောက်ချမ်းသာချမ်းသာ သူများနိုင်ငံ ဒုက္ခရောက်ရင် အနေသာကြီးပဲ။ ကိုယ့်နိုင်ငံ ကောင်းစားရင် ပြီးတာပဲလို့ သဘောထားကြတယ်။ ကူညီရင်လည်း တစ်ခုခုပြန်လိုချင်လို့ ကူညီတာပါ။

ဒါဟာ မထူးဆန်းတော့ပါဘူး၊ သခင်ယေရှုရဲ့ တပည့်တော်ကြီးအသိုင်းအဝိုင်းမှာလည်း မငြိမ်းချမ်းကြပါဘူး၊ နေရာလုကြ၊ တစ်ယောက်ကိုတစ်ယောက် နင်းပြီး ရာထူးရာခံ လိုချင်ကြ၊ မနာလိုကြနဲ့။ ဘာသာရေးခေါင်းဆောင်တွေ အသိုင်းအဝိုင်းမှာလည်း မငြိမ်းချမ်းပါဘူး၊ သခင်ယေရှု ရှိလာလို့ သူတို့ မလွတ်လပ်တော့သလို ခံစားရတယ်။ စားပေါက်ပိတ်သလို မြင်လာကြလို့ သခင်ယေရှုကို သေကြောင်းကြံနေကြတယ်။

ဒီလို သေကြောင်းကြံချင်နေတာကို သခင်ယေရှုက သိပေမဲ့ ခမည်းတော်ဘုရားကို ယုံယုံကြည်ကြည်နဲ့ပဲ ယေရုဆလင်မြို့ထဲကို ကြွဝင်လာတာပဲ။ လူထုပရိတ်သတ်ကလည်း "ထာဝရဘုရားသခင်၏ နာမတော်၌ ကြွလာတော်မူသောရှင်ဘုရင်အား မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘုံ၌ ငြိမ်းချမ်းခြင်းရှိစေသတည်း။ အမြင့်ဆုံးသောအရပ်၌ ဘုန်းတော်ဂုဏ်တော်ရှိစေသတည်း" လို့ ကြွေးကြော်ကြပါတယ်။ ဒါကို ဖါရိရှဲဦးတွေက "ဆရာသခင်၊ ကိုယ်တော်၏ တပည့်များကို ဆုံးမတော်မူပါ" ဆိုပြီး လူထုပရိတ်သတ်ကို မအော်ဖို့၊ မကြွေးကြော်ဖို့ တားမြစ်ခိုင်းပါတယ်။ ဒါပေမဲ့ သခင်ယေရှုက "ဤသူတို့သည် မကြွေးကြော်ပဲ နေခဲ့ကြပါလျှင် ကျောက်တုံးကျောက်ခဲများသည် ကြွေးကြော်ကြလိမ့်မည်" ဟု မိန့်တော်မူပါတယ်။

အခုလို ယေရုဆလင်မြို့ထဲ ကြွဝင်လာတာက နန်းလုဖို့ မဟုတ်ဘူး။ ဒါကို ပီလတ်တူးမင်းလည်း သိတယ်၊ ဟေရုဒ်မင်းလည်း သိတယ်။ သခင်ယေရှုမှာ အပြစ်ကင်းကြောင်း သူတို့ သိကြပါတယ်။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း ဟေရှာယကျမ်းမှာ "ထာဝရဘုရားသည် နေ့စဉ်နေ့တိုင်း ကျွန်ုပ်ကို နိုးကြားစေပြီး မိမိ၏စာသင်သားတစ်ဦးကဲ့သို့ နားစိုက်ထောင်တတ်ရန် ငါ့ကို နှိုးဆော်တော်မူ၏" တဲ့။ သခင်ယေရှုက ခမည်းတော်ဘုရားကို အဲဒီလို နားစိုက်ထောင်တတ်လို့ သူ့ကို ရိုက်တဲ့သူ၊

တွန်းထိုးတဲ့သူ၊ တံတွေးထွေးတဲ့သူတွေကို မခုခံပဲ ခံထမ်းတော်မူခဲ့တယ်။ ဟေရုဒ်မင်း ရှေ့မှာလည်း ဘာမျှ ပြန်လည်မချေပတော့ပါဘူး။ သခင်ယေရှုက သူဟောခဲ့တဲ့တောင်ပေါ်ဒေသနာအတိုင်း သူကိုယ်တိုင် ကျင့်ကြံပြတော်မူတယ်၊ "သင်၏ရန်သူကို ချစ်လော့။ သင်၏ ဘယ်ဘက်ပါးကို ရိုက်သောသူအားလည်း သင်၏ညာဘက်ပါးကို လှည့်ပေးအုံးလော့"။ "သင့်အပေါ် မကောင်းတဲ့သူတွေအတွက် ဆုတောင်းပေးလော့" ဆိုတဲ့တရားတွေကို သူကိုယ်တိုင် လိုက်ကျင့်ပြတယ်။ ဒါကြောင့် ကျနော်တို့ဟာ ယေရှုးဘုရားရှင်ရဲ့ကျင့်ကြံနေထိုင်ပုံကို အတုယူကြရမယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်း ရှင်ပေါလူးရဲ့ ဖိလိပ္ပိဩဝါဒစာမှာ "လူ့သား၏ပုံသဏ္ဌာန်ဖြင့် မြင်ရသောကိုယ်တော်သည် မိမိကိုယ်ကို နှိမ့်ချတော်မူပြီး လက်ဝါးကပ်တိုင်ပေါ်တွင်သေရသော သေခြင်းကိုခံယူသည်အထိ နာခံတော်မူ၏" တဲ့။ သခင်ယေရှုးဟာ ဘုရားပါ။ ဒါပေမဲ့ လူတွေက မုန်းလို့ သတ်ချင်ရင်လည်း သတ်ပါ၊ အသေခံပါတယ်။ လူတွေ အဲလိုလုပ်လို့၊ ကိုယ်ကြိုက်တာကိုယ်လုပ်လို့ လူတွေ ငြိမ်းချမ်းသွားပါ့မလား။ သခင်ယေရှုးလို ဘုရားကြိုက်တာကို လုပ်မှ၊ နာခံမှ ငြိမ်းချမ်းမယ်ဆိုတာ လက်တွေ့ပြနေပါတယ်။

ယုဒက နမ်းပြီးအပ်နှံတာကိုလည်း စိတ်မဆိုးခဲ့ဘူး။ ပေတရုးက ဓါးနဲ့ခုတ်လို့ ညာဘက်နားရွက် ပြတ်သွားတဲ့သူကိုလည်း ကုသပျောက်ကင်းစေတယ်။ "သူတို့လုပ်တာတွေ သူတို့မသိလို့ ခွင့်လွှတ်ပါ" လို့ ခမည်းတော်ဘုရားထံ တောင်းလျှောက်ပေးတော်မူတယ်။ ကားတိုင်ထမ်းနေတုံးက နောက်တော်ကလိုက်ပြီး ငိုကြွေးနေတဲ့ အမျိုးသမီးတွေကိုလည်း "သမီးများတို့၊ ငါ့အတွက် မငိုကြနဲ့၊ ကိုယ့်အတွက်/ ကိုယ့်သားသမီးအတွက်သာ ငိုကြွေးကြ" လို့ မိန့်တော်မူတယ်။ သူ့အတွက်က အရေးမကြီးဘူး၊ ခံနိုင်တယ်။

လူသားတွေအတွက်ပဲ အရေးတကြီးထားရမယ် တဲ့။ ကားတိုင်ပေါ်က ကောင်းတဲ့သူခိုးကိုလည်း "ယနေ့ သင်သည် ငါနဲ့အတူ ပါရာဒီဇူဘုံမှာ ရှိလိမ့်မယ်'' လို့ ကတိပေးတော်မူခဲ့တယ်။ သခင်ယေဇူး အသက်တော်စွန့်ပြီး မကြာခင်မှာပဲ လူတစ်ရာတပ်မှူးက ဘုရားသခင်ကို ချီးမွမ်းပြီး "ဤသူသည် အမှန်စင်စစ် ဖြောင့်မတ်သူဖြစ်သည်" ဆိုပြီး အမှန်အတိုင်း သိမြင်လာစေပါတယ်။

သခင်ယေဇူးဟာ ဘယ်လိုလုပ်ပြီး ဒါတွေကို ခံထမ်းနိုင်တဲ့ခွန်အား ရှိတာပါလဲ။ သေချာတာပေါ့၊ အဖ ခမည်းတော်ဘုရားကို စိတ်ချယုံကြည်နိုင်လွန်းလို့ ကြုံတွေ့သမျှ ဒုက္ခတွေကို ခံထမ်းနိုင်တာပါ။ ယနေ့ ပထမကျမ်းစာထဲကလို "ထာဝရဘုရားသခင်သည် ကျွန်ုပ်ကို ကူညီမစတော်မူသောကြောင့် ကျွန်ုပ်သည် အသရေပျက်လိမ့်မည်မဟုတ်" လို့ ဆိုထားတဲ့အတိုင်း ယုံကြည်တယ်၊ ဒါကြောင့် စိတ်ဓါတ်လည်း မကျဘူး၊ ကိုယ့်ဘဝကြီးလဲ ပြိုလဲမသွားနိုင်တာပါပဲ။ ဒါကြောင့် ရှင်ပေါလူး ဆက်ရေးထားတာက "ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော့်အား ခမ်းနားစွာ ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမတော်ကို အပ်နှင်းတော်မူ၏"

ကျနော်တို့လည်း လောကမှာ ဘယ်လိုဒုက္ခမျိုးပဲကြုံကြုံ စိတ်ဓါတ်မကျပဲ ခွန်အားရှိရှိ ခံထမ်းနိုင်ချင်ရင် သခင်ယေဇူးလို ဘုရားကို ယုံကြည်နာခံပါ။ သခင်ယေဇူးနောက် လိုက်ပါ။ သခင်ယေဇူးလို ရန်သူကို ချစ်ပါ။ ခွင့်လွှတ်ပါ၊ နေရာတကာ ငြိမ်းချမ်းရေး လိုက်လုပ်ပါ။ ကြေအေး သင့်မြတ်စေကြပါ။ ဒါဆိုရင် ကျနော်တို့လည်း သခင်ယေဇူးနဲ့အတူ ကောင်းကင်နိုင်ငံတော်မှာ ထာဝရအသက်ချမ်းသာ ခံစားရပါလိမ့်မယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။